# (၈၇)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ ထုတ်ပြန်ချက်

ရက်စွဲ ၄/၁၂/၂၀၀၇

(၈၇)နှစ်ရှိပြီဖြစ်သော အမျိုးသားအောင်ပွဲနေ့သည် မြန်မာတမျိုးသားလုံး၏ သွေးစည်းညီညွတ်မှုနှင့် မတရားဖိနှိပ်ချုပ်ချယ်သည့် အမိန့်အာဏာများအား မဟုတ်မခံတတ်သည့် ရဟန်းရှင်လူကျောင်းသားပြည်သူအပေါင်းတို့၏ သမိုင်းဝင်ရလဒ်ပင် ဖြစ်သည်။

တတိုင်းပြည်လုံးက ကန့်ကွက်နေသည့်ကြားမှ နယ်ချဲ့အစိုးရသည် ယူနီဗာစတီအက်ဥပဒေကြမ်းအား ချမှတ်ရေးဆွဲကာ အမြန်အတည်ပြုပြဋ္ဌာန်းလိုက်သောကြောင့် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်မှကျောင်းသားများသည် စာသင်ခန်းများမှ သပိတ်မှောက်ထွက်လာကြပြီး မြန်မာနိုင်ငံတဝှမ်းလုံးတွင် အမျိုးသားကျောင်းများတည်ထောင်ကာ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်များကို ပြည်သူတရပ်လုံးနှင့်အတူ လက်တွဲ၍ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြခြင်းသည် မြန်မာ့လွတ်လပ်ရေး အတွက် အရေးပါသောခြေလှမ်းတရပ်ကို အောင်မြင်စွာ လှမ်းနိုင်ခဲ့သည်။

ယနေ့ မြန်မာပြည်သူပြည်သားများ တွေ့ကြုံနေကြရသည့် ဘက်ပေါင်းစုံ အထွေထွေအကြပ်အတည်းများမှ လွန်မြောက်ပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သည့်ပြည်ထောင်စုတခု ပေါ်ထွန်းရေးသည် ဒီမိုကရေစီအင်အားစုများအကြား၌သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများအကြား၌သော်လည်းကောင်း စိတ်ဝမ်းမကွဲပြားပဲ အမြော်အမြင်ရှိမှု၊ ဇွဲသတ္တိရှိမှုတို့အပေါ်တွင် များစွာမူတည်ပေသည်။ ဤသည်မှာ ယနေ့ကာလ၏ အမျိုးသားရေးတာဝန်တရပ်လည်း ဖြစ်ပေသည်။

နအဖအစိုးရအနေဖြင့်လည်း မြန်မာတမျိုးသားလုံး၏ အကျိုးစီးပွားနှင့် ဂုဏ်သိက္ခာအား ရှေ့ရှု၍ အမျိုးသားရင်ကြားစေ့ရေး အတွက် တခုတည်းသောသွားရာလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးရေးအား အချိန်မဆိုင်းပဲ အမြန်ဆုံး ပြုလုပ်ရန် အရေးတကြီး လိုအပ်နေသောအချိန်လည်း ဖြစ်သည်။ တပြိုင်တည်းမှာပင် စစ်မှန်သည့် တွေ့ဆုံဆွေးနွေးပွဲများ ဖြစ်မြောက်ရေးအတွက် အကောင် အထည်ဖေါ်ရာတွင် အဟန့်အတားမဖြစ်စေပဲ ပိုမိုပြေလည်စေရန်အလို့ငှာ –

(၁)ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ မတရားဖမ်းဆီးခံထားရသော ရဟန်းသံဃာရှင်လူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးတို့အား ချွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်၊

(၂) တိုင်းရင်းသားလူမျိုးစုများအကြား သွေးခွဲဆက်ဆံမှုများ၊ နိုင်ငံရေးအမြတ်ထုတ်မှုများနှင့် ဖိအားပေး အကြပ်ကိုင်မှုများအား မပြုလုပ်ရန်၊



(၃) အမျိုးဘာသာသာသနာကို ပျက်ပြားစေသည့် လုပ်ရပ်များဖြစ်သည့် သံဃာတော်များအား ဖမ်းဆီးနှိပ်စက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများအား ဝင်ရောက်စီးနင်းခြင်း၊ ချိတ်ပိတ်မောင်းနှင်ခြင်းတို့အား ဆက်လက်မကျူးလွန်ရန်၊

(၄) ဒီမိုကရေစီနှင့် လူ့အခွင့်အရေး လှုပ်ရှားသူများအား လိုက်လံစောင့်ကြည့်နှောက်ယှက်ခြင်း၊ ဖမ်းဆီးနှိပ်ကွပ်နေခြင်းများအား ဆက်လက်မပြုလုပ်ရန် – တို့ကို နအဖအစိုးရအနေဖြင့် မဖြစ်မနေ ကျင့်သုံးဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိသည်။

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးဆိုသည်မှာ ခေတ်သစ်ကမ္ဘာကြီးတွင် လက်နက်ဖြင့်သော်လည်းကောင်း၊ အမိန့်အာဏာဖြင့်သော်လည်းကောင်း တည်ဆောက်၍ ရမည်မဟုတ်ပဲ တမျိုးသားလုံး တန်းတူညီမျှမှု၊ တရားမျှတမှု၊ ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် သာလျှင် ယဉ်ကျေးသော အမျိုးသားရေးလက္ခဏာနှင့် ခေတ်မီတိုးတက်သော အမျိုးသားအကျိုးစီးပွားကို ဆောင်ကျဉ်းပေးနိုင်လိမ့်မည် ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ခေတ်ကာလက ပေးအပ်သည့် အမျိုးသားရေးတာဝန်များကို ပခုံးစွမ်းရှိသမျှ ကျေပွန်အောင် ထမ်းဆောင်သွားမည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာဖြင့် ကတိသစ္စာ ပြုအပ်ပါသည်။

**၈၈ မျိုးဆက်ကျောင်းသားများ**

ဆက်သွယ်ရန်နှင့် ဝေဖန်အကြံညာဏ်ပြုရန် –

88gstudent@gmail.com